# တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး

## တတိယနေ့အစီအစဉ်

## (၂၃ – ၉ –၂၀၂၆ ) (ဗုဒ္ဓဟူးနေ့) နံနက် ၁၀:၀၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင် ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး တတိယနေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးတင့်လွင်၊ လောင်းလုံးမဲဆန္ဒနယ်၏ **တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးလက်ဒေသတွင် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (SME)များကိုဖော်ထုတ်၍ ဈေးကွက်ချိတ်ဆက်မှုရရှိအောင် စီမံဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဦးနိုင်မင်းဦး၊ ကြံခင်းမဲဆန္ဒနယ်၏ **အလုပ်သမားများ၏ အနိမ့်ဆုံး အခကြေးငွေကို တိုးမြှင့်သတ်မှတ်ပေးရန်၊ အခြေခံလုပ်ခ လစာ စနစ်ကို ပြန်လည်ပြင်ဆင်သတ်မှတ်ရန်၊ အသက်မွေးဝမ်းကျောင်းနိုင်သော လုပ်ခ (Living Wage) စံနှုန်းသို့ တဖြည်းဖြည်းပြောင်းလဲနိုင်ရေး မူဝါဒချမှတ် ဆောင်ရွက်ရန်နှင့် အနိမ့်ဆုံးအခကြေးငွေ တိုးမြှင့်သတ်မှတ်ရာတွင် ချေးငွေ ပံ့ပိုးမှု၊ နည်းပညာကူညီမှု၊ အခွန်ဆိုင်ရာအထောက်အပံ့များ ပူးတွဲဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဒေါက်တာရွှေပြည်စိုး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မဲဆန္ဒနယ်၏ **လူ့စွမ်းအား အရင်းအမြစ်များ လေလွင့်ဆုံးရှုံးမှု မရှိစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းနှင့်ပတ်သက်ပြီး နိုင်ငံတော်က မည်သို့အစီအမံများချမှတ် လုပ်ဆောင်လျက်ရှိသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဒေါ်စမ်းစမ်းဌေး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မဲဆန္ဒနယ်၏ **ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်ရှိ မသန်စွမ်းသူများအတွက် ခရိုင်အလိုက်လေ့ကျင့်ရေး စင်တာများ ထားရှိပေးပါရန်နှင့် လက်လှမ်းမီသည့် ဆေးရုံများတွင် အခြေခံကျန်းမာရေး ဝန်ဆောင်မှုများ(အခမဲ့)ပြုလုပ်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးသက်နိုင်ဦး၊ ဘားအံမဲဆန္ဒနယ်၏ **ယာယီ နေရပ်စွန့်ခွာသူများ၏ဘဝ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ပိုမို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရန် မည်သို့အစီအမံများ ထားရှိထားသည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဒေါက်တာကျော်ကျော်ဌေး၊ ထားဝယ်မဲဆန္ဒနယ်၏ **ကျောင်းမနေနိုင်သော လူငယ်များ အလုပ်အကိုင်ရရှိစေနိုင်သည့် အသက်မွေးဝမ်းကျောင်းမှု ပညာရပ်တစ်မျိုးမျိုး သင်ကြားတတ်မြောက်စေရန် စီမံဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဦးအောင်ကိုလတ်၊ တမူးမဲဆန္ဒနယ်၏ **တမူးမြို့နယ်၊ ဟဲဇင်းကျေးရွာ ရွာပတ်လမ်းရှိ ရေထုတ်မြောင်းအား Box Culvert (၁) စင်း၊ စော်ဘွားအင်း ရပ်ကွက်ရှိ သာသနာ့ဥယျာဉ်လမ်း၊ စန္ဒကူးအမှတ် (၁/၂/၃) ရပ်ကွက်ရှိ ကုန်ထုတ်လမ်းမကြီးနှင့် မြို့မအမှတ် (၂) နှင့် အမှတ်(၃)ရပ်ကွက်အား ဆက်သွယ်ထားသော မော်ကူးလမ်းတို့အား မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးသွားမည်ကို သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဇ) ဒေါ်မြင့်သန်း၊ ရေးမဲဆန္ဒနယ်၏ **ရေးမြို့နယ်၊ နှစ်ကရပ်ရွာနှင့် သဃ်န်းကျွန်း ကျေးရွာကြား ရေကျော်ချောင်းကူးတံတားနှင့် ကတ္တရာလမ်း တည်ဆောက် ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဈ) ဦးထွန်းလွင်၊ ချောင်းဦးမဲဆန္ဒနယ်၏ **ချောင်းဦး- အမြင့်လမ်းတွင် ပျက်စီးနေသော ကတ္တရာလမ်းအား၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ပြန်လည်ပြုပြင် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ည) ဦးကျော်မင်းထွန်း၊ ဇီးကုန်းမဲဆန္ဒနယ်၏ **ဇီးကုန်းမြို့နယ် ဇီးကုန်း- ဘော်ဘင် ကတ္တရာလမ်းပိုင်း (၁၀/၅) မိုင် ပြန်လည်ပြုပြင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဋ) ဦးခင်မောင်ဝင်း၊ မော်လမြိုင်ကျွန်းမဲဆန္ဒနယ်၏ **မော်လမြိုင်ကျွန်း- လှိုင်းဘုန်း- ရေတွင်းကုန်းလမ်း(၃၅/၇)မိုင်အား ရာသီမရွေး သွားလာနိုင်သောလမ်းနှင့် မြစ်ကူးတံတားတည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဌ) ဦးမြင့်စိုးဆင့်၊ မော်လိုက်မဲဆန္ဒနယ်၏ **မော်လိုက်မြို့တွင် ချင်းတွင်းမြစ်ကူးတံတားကို ရေတို- ရေရှည် အစီအမံများ ချမှတ်၍ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(ဍ) ဦးတင်ထွေး၊ အုတ်ဖိုမဲဆန္ဒနယ်၏ **အုတ်ဖိုမြို့နယ်၊ ဂုံညင်းတန်း- ကံသာယာ လမ်းအား ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေး တတိယနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး စတုတ္ထနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း။